**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ၂၀၂၁ ခုနှစ်**

**ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှု**

**[၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်]**

## ဖော်ပြချက်

အကောက်ခွန်ဦးစီးဌာနသည် အေးရှားဝေါလ်ဆိပ်ကမ်းနှင့် လေဆိပ်ကုန်လှောင်ရုံတို့၌ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် ၂၀၂၁ ခုနှစ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှု၏ တွေ့ရှိချက်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုသည် သွင်းကုန်ပစ္စည်းများ ရှင်းလင်းထုတ်ယူရာတွင်အကောက်ခွန်နှင့် အခြားသော အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြာမြင့်ချိန်အား တိုင်းတာပြီး လေ့လာခြင်း ဖြစ်ပါသည်။

ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုသည်မှာ သွင်းကုန်/ပို့ကုန်များ ရှင်းလင်းထုတ်ယူရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကြာမြင့်ချိန်အား တိုင်းတာရန်အတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့က အတည်ပြုထားသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အသက်ဝင်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ပါ Article 7.6 အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သွင်းကုန်/ပို့ကုန်များ ရှင်းလင်းထုတ်ယူသည့် ပျမ်းမျှကြာမြင့်ချိန်အား တိုင်းတာ၍ ထုတ်ပြန်ရမည် ဖြစ်ပါသည်။

အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ၂၀၂၁ ခုနှစ် လေ့လာဆန်းစစ်မှု၏ ရလဒ်များအား ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး တိုးတက်ရန် လိုအပ်သည့် နယ်ပယ်များအတွက် အညွှန်းကိန်းတစ်ခုအဖြစ် တွေ့မြင်ရခြင်းကြောင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် တိုးတက်မှုများကို တွေ့မြင်ရခြင်းကြောင့်လည်းကောင်း ကျေနပ်ဝမ်းမြောက်မိ ပါကြောင်း၊

အဆိုပါ တိုးတက်မှုများသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု စဉ်ဆက်မပြတ်စီးဆင်းစေရေးအတွက် အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ၏ အတူတကွ ကြိုးပမ်း အားထုတ်မှုများ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် တင်သွင်းမှုလုပ်ငန်းစဉ်များအတွက် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| တင်သွင်းမှု လုပ်ငန်းစဉ် | ဆန်းစစ်မှု ပြုလုပ်သည့် နေရာ | ၂၀၁၉ စုစုပေါင်းပျမ်းမျှ ကြာမြင့်ချိန် | ၂၀၂၁ စုစုပေါင်း ပျမ်းမျှ ကြာမြင့်ချိန် | ၂၀၁၉ နှင့် ၂၀၂၁ ကြာမြင့်ချိန် ကွာခြားချက် |
|---|---|---|---|---|
| သင်္ဘော/လေယာဉ်ရောက်ရှိချိန်မှ ဂိတ်မှထွက်ခွာချိန်အထိ ကြာချိန် | အေးရှားဝေါလ် ဆိပ်ကမ်း (ရန်ကုန်) | ၉ ရက် ၆ နာရီ ၄၃ မိနစ် | ၆ ရက် ၁၉ နာရီ ၄၉ မိနစ် | ၂ ရက် ၁၀ နာရီ ၅၄ မိနစ် |
| | လေဆိပ် ကုန်လှောင်ရုံ (ရန်ကုန်) | ၅ ရက် ၈ နာရီ ၄၈ မိနစ် | ၄ ရက် ၂ နာရီ ၄ မိနစ် | ၁ ရက် ၆ နာရီ ၄၄ မိနစ် |

AWPT တွင် ၂၀၁၉ စစ်တမ်းကောက်ယူမှု ကြာမြင့်ချိန်ထက် ၂၀၂၁ စစ်တမ်းကောက်ယူမှု ကြာမြင့်ချိန် လျော့ကျသွားရခြင်းမှာ အဓိကအားဖြင့် အောက်ဖော်ပြပါ အကြောင်းအရာများကြောင့် ဖြစ်ပါသည်–

(၁) 2019 TRS တွင် (အစိမ်း၊ အဝါ၊ အနီ) လမ်းကြောင်းသုံးသွယ်လုံးအား ကုန်ပစ္စည်းထုတ်ယူခွင့်လက်မှတ် (Release Order– RO) တွင် အကောက်ခွန်အရာရှိလက်မှတ် ရေးထိုးပြီးမှသာ ကုန်ပစ္စည်းထုတ်ယူရသော်လည်း 2021 TRS တွင် အနီရောင် လမ်းကြောင်းတစ်ခုတည်းသာ Delivery List ပေါ်တွင် အကောက်ခွန်အရာရှိက လက်မှတ်ရေးထိုးပြီး ကုန်ပစ္စည်းထုတ်ယူနိုင်သဖြင့် ကြာမြင့်ချိန် လျော့ကျခြင်း။

(၂) RO ရရှိပြီး အစိမ်းရောင်နှင့် အဝါရောင်လမ်းကြောင်း ကုန်ပစ္စည်းများအား ရုံးပိတ်ရက်တွင်လည်း ထုတ်ယူနိုင်သဖြင့် ကြာမြင့်ချိန်လျော့ကျခြင်း။

(၃) 2019 TRS တွင် CEPT ခံစားသည့် ကုန်ပစ္စည်းများကို အဝါရောင်လမ်းကြောင်းမှ အနီရောင်လမ်းကြောင်းသို့ မဖြစ်မနေပြောင်းလဲခဲ့သော်လည်း 2021 TRS တွင် ဆေးဝါး နှင့် အခြားကန့်သတ်ကုန်ပစ္စည်းများမှအပ ကျန်ကုန်ပစ္စည်းများကို မူလလမ်းကြောင်း အတိုင်း ခံစားခွင့်ပြုခဲ့သဖြင့် ကြာမြင့်ချိန်လျော့ကျခြင်း။

(၄) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကုန်သွယ်မှုပမာဏလျော့ကျမှုရှိသဖြင့် အကောက်ခွန်ဝန်ထမ်းများအနေဖြင့် ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များအား နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မှုကြောင့်လဲ ကြာမြင့်ချိန်လျော့ကျခြင်း။

AWPT တွင် ၂၀၁၉ စစ်တမ်းကောက်ယူမှု ရလဒ်ထက် ၂၀၂၁ ခုနှစ် စစ်တမ်းကောက်ယူမှု ရလဒ်သည် ပိုမိုမြန်ဆန်ခဲ့သော်လည်း အောက်ဖော်ပြပါ ကြန့်ကြာမှုအချို့ကိုလည်း စိစစ်တွေ့ရှိခဲ့ရပါသည်-

(၁) အချို့ Customs Broker နှင့် Importer များအနေဖြင့် အစိမ်းရောင်နှင့် အဝါရောင်လမ်းကြောင်းဖြစ်သဖြင့် RO ရရှိပြီးသော်လည်း ဂိုဒေါင်အခက်အခဲ၊ အလုပ်သမားအခက်အခဲတို့ကြောင့် ကုန်ပစ္စည်း လာရောက်ထုတ်ယူခြင်း မရှိသည့်ကိစ္စရပ်များတွင် အချိန်နောက်ကျမှုများသည် စစ်တမ်းအပေါ် အကျိုးသက်ရောက်မှုရှိခြင်း။

(၂) LCL Cargo များ ဖြစ်ပါက AWPT ဆိပ်ကမ်းတွင် အကောက်ခွန်၊ Shipping Line ၊ Customs Broker (သို့မဟုတ်) Importer နှင့် ဆိပ်ကမ်းအဖွဲ့တို့ စုံသည့်နေ့မှသာ ကုန်သေတ္တာအတွင်းမှ ပစ္စည်းဖွင့်ဖောက်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါသည်။ ထို့ကြောင့် အချို့ CB နှင့် တင်သွင်းသူများသည် အစိမ်းရောင်နှင့် အဝါရောင်လမ်းကြောင်း ခံစားရသဖြင့် RO ရရှိပြီး ဖြစ်သော်လည်း ကုန်သေတ္တာဖွင့်ဖောက်သည့်နေ့မှသာ ပစ္စည်းထုတ်ယူနိုင်သဖြင့် စစ်တမ်းအပေါ် အကျိုးသက်ရောက်မှုရှိခြင်း။

(၃) အချို့ကိစ္စရပ်များတွင် Arrival Date သည် စနေ (သို့မဟုတ်) တနင်္ဂနွေ (သို့မဟုတ်) တနင်္လာနေ့ ဖြစ်သော်လည်း Shipping Agency Department (SAD) သည် Manifest submission ဆောင်ရွက်သည့် DMF Service ကို ရုံးပိတ်ရက် (စနေ/ တနင်္ဂနွေ) တွင် မဆောင်ရွက်နိုင်ဘဲ သောကြာနေ့ကတည်းက ကြိုတင်ဆောင်ရွက်ထားသဖြင့် အမှန်တကယ် ဆိုက်ရောက်သည့် Arrival Date နှင့် ကွာခြားမှုရှိခြင်း။

YACL တွင် ၂၀၁၉ စစ်တမ်းကောက်ယူမှု ကြာမြင့်ချိန်ရလဒ်ထက် ၂၀၂၁ စစ်တမ်းကောက်ယူမှု ကြာမြင့်ချိန်ရလဒ် လျော့ကျသွားရခြင်းမှာ အဓိကအားဖြင့် အောက်ဖော်ပြပါ အကြောင်းအရာများကြောင့် ဖြစ်ပါသည်–

(၁) ၂၀၂၁ ခုနှစ်အတွင်း စစ်တမ်းကောက်ယူသည့် ကာလသည် ကိုဗစ်ရောဂါ ပြန့်ပွားမှုမြင့်တက်နေသည့် ကာလဖြစ်သဖြင့် ကုန်ပစ္စည်းများ ရှင်းလင်းထုတ်ပေးချိန်ကို ၂၄/၇ စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကြာမြင့်ချိန်လျော့ကျခြင်း။

(၂) ၂၀၂၁ ခုနှစ်တွင် RO ရရှိပြီးနောက် ကုန်ပစ္စည်းထုတ်ယူနိုင်ရေး အဆိုပါကုန်ပစ္စည်းထုတ်ယူခွင့်လက်မှတ်ပေါ်တွင် အကောက်ခွန် အရာရှိမှ ထပ်မံလက်မှတ်ထိုးပေးရသည့် လုပ်ငန်းစဉ်အား လျှော့ချနိုင်ခဲ့သဖြင့် ကုန်ပစ္စည်း ရှင်းလင်းမှု ကြာချိန်လျော့ကျခြင်း။

(၃) စစ်တမ်းကောက်ယူသည့် ကာလအတွင်း ကိုဗစ်ရောဂါ ကူးစက်မှုနှုန်း မြင့်မားနေသည့် ကာလဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ ပုံမှန်ထက် လျော့ကျနေသောကြောင့် ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းစဉ်များကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်ပစ္စည်း ရှင်းလင်းမှု ကြာချိန်လျော့ကျခြင်း။

YACL တွင် ၂၀၁၉ စစ်တမ်းကောက်ယူမှု ကြာမြင့်ချိန်ထက် ၂၀၂၁ ခုနှစ် စစ်တမ်းကောက်ယူမှုရလဒ်သည် ပိုမိုမြန်ဆန်ခဲ့သော်လည်း အောက်ဖော်ပြပါ ကြန့်ကြာမှုအချို့ကိုလည်း စိစစ်တွေ့ရှိခဲ့ရပါသည်–

(၁) စစ်တမ်းကောက်ယူသည့် ကာလတွင် တင်သွင်းပစ္စည်းများ၏ ၇၀% မှာ ဆေးနှင့်ဆေးပစ္စည်းများ ဖြစ်ပြီး၊ ပုံမှန်တင်သွင်းလေ့ရှိသည့် ကုမ္ပဏီများအပြင် အခြားသော ကုမ္ပဏီများပါ ဆေးဝါးတင်သွင်းမှုများ ပြုလုပ်ခဲ့သဖြင့် တင်သွင်းသူများအနေဖြင့်

တင်သွင်းပစ္စည်းများအတွက် ပြင်ဆင်ရန် လိုအပ်သည့် အချက်အလက်များကို ပြင်ဆင်မှုတွင် ကျွမ်းကျင်မှု မရှိသဖြင့် ပိုမိုကြာမြင့်ခဲ့ရခြင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနတွင် ဝန်ထမ်းအင်အား လျော့နည်းနေသဖြင့် လုပ်ငန်း ဆောင်တာများ ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်ခြင်း။

(၂) အကောက်ခွန်လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးသော်လည်း တင်သွင်းသူများ အနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းသိုလှောင်ရုံတွင် ကုန်ပစ္စည်းများထားသိုရန် နေရာအခက်အခဲ ရှိခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အခြေခံအဆောက်အဦ လိုအပ်ချက်များကြောင့် ကုန်ပစ္စည်း ပျက်စီးနိုင်ခြေ မြင့်မားခြင်းနှင့် ကုန်ပစ္စည်း ထိန်းသိမ်းမှု စရိတ်မြင့်မား ခြင်းတို့ကြောင့် လေဆိပ်ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများ ထုတ်ယူခြင်းမပြုဘဲ ဆက်လက်ထားရှိသဖြင့် ကုန်ပစ္စည်းရောက်ရှိချိန်မှ ကုန်ပစ္စည်းထုတ်ယူချိန်တို့ကြား စစ်တမ်းကောက်ယူရာတွင် အချိန်ပိုမိုကြာမြင့်ခြင်း။

(၃) တင်သွင်းသူဘက်မှ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ ပြင်ဆင်ချိန်တွင် အချိန် အတိုင်းအတာ တစ်ခုအထိ ကြာမြင့်ကြောင်းကို လေ့လာတွေ့ရှိရပြီး စာရွက်စာတမ်း များ ပြည့်စုံစွာတင်ပြနိုင်ရေး ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ပစ္စည်း ရှင်းလင်းမှု ကြာမြင့်ချိန်ကို ပိုမို၍ လျှော့ချနိုင်မည်ဖြစ်ခြင်း။

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဤလေ့လာဆန်းစစ်မှုဆောင်ရွက်ရာ တွင်ပါဝင်ခဲ့ကြသော သက်ဆိုင်ရာ အရာထမ်းများနှင့် ကုန်သွယ်မှုအသိုက်အဝန်းတွင် ပါဝင်ကြသူ များ အထူးသဖြင့် TRS လုပ်ငန်းအဖွဲ့ဝင်များ၊ အခြားသောအစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ကိုယ်စားလှယ်များ၏ အကြံဉာဏ်ပေးမှုနှင့် အကူအညီများအား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အဓိကကျသော ရှာဖွေတွေ့ရှိချက်များနှင့် ဆောင်ရွက် သွားရမည့် လုပ်ငန်းများမှာ (၁) အခြားသော အစိုးရအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရသည့် ဆောင်ရွက်ချက်များအား စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက်သွားရန်၊ (၂)

အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ (သို့မဟုတ်) တင်သွင်းသူများ အပါအဝင် ကုန်သွယ်မှု အသိုင်းအဝိုင်း တွင် ပါဝင်နေသူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ (၃) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ (သို့မဟုတ်) တင်သွင်းသူများက သင်္ဘော ဆိုက်ရောက်သည့် အချိန်နှင့် M/F အချက်အလက်များကို MACCS စနစ်သို့ ကိုယ်တိုင် ထည့်သွင်း နိုင်ရေး သုံးသပ်ဆောင်ရွက်သွားရန်၊ (၄) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ WTO TFA အား အကောင်အထည်ဖော်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ (၅) ရေရှည်အတွက် ကြိုတင်မျှော်မှန်း၍ အကောက်ခွန် ဝန်ထမ်းအသစ်များအား ထပ်မံတိုးချဲ့ခန့်ထားရန် တို့ဖြစ်ပါသည်။ ကြာမြင့်ချိန် လျှော့ချရေး လေ့လာဆန်းစစ်မှုများအား ပုံမှန်ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထား ပါသည်။

**ဆက်သွယ်မေးမြန်းရန်**

အသေးစိတ်သိလိုသည်များရှိပါက နိုင်ငံတကာရေးရာဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊
ဖုန်းနံပါတ် (၀၁-၃၈၇၁၆၁)၊ အီးမေးလ် (mmcustoms.intsec@gmail.com) သို့
ဆက်သွယ်မေးမြန်းနိုင်ပါသည်။